**FIRST PRIVATE BANK LTD.**

## အသိပေးကြေညာချက်

### အသုံးမပြုသောစာရင်း (Inactive Account) နှင့် စာရင်းသေ (Dormant Account) သတ်မှတ်ခြင်းနှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက်တွင် ဖွင့်လှစ်ထားရှိသော Customer များ၏ Current Account ၊ Savings Account နှင့် Call Deposit Account များအနက် Customer မှ မည်သည့် Transaction မျှ ပြုလုပ်ခြင်းမရှိဘဲ (၂၄) လ (သို့မဟုတ်) (၂) နှစ်နှင့်အထက် ကြာမြင့်သော Account များအား အသုံးမပြုသောစာရင်း (Inactive Account) အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၂။ (၁-၁၁-၂၀၂၆)ရက်နေ့မှစ၍ အသုံးမပြုသောစာရင်း ( Inactive Account ) များအတွက် Maintenance Fee များကို အောက်ပါအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည် -

- Account Balance ကျပ် ၁၀,၀၀၀/- အောက် ဖြစ်ပါက တစ်နှစ်လျှင် ကျပ် ၃,၀၀၀/-
- Account Balance ကျပ် ၁၀,၀၀၀/- နှင့်အထက် ဖြစ်ပါက တစ်နှစ်လျှင် ကျပ် ၅,၀၀၀/-

၃။ အသုံးမပြုသောစာရင်း (Inactive Account) အဖြစ် သတ်မှတ်ထားသော Account များတွင် Customer မှ (၇) နှစ်နှင့်အထက် မည်သည့် Transaction မျှ ပြုလုပ်ခြင်းမရှိပါက အဆိုပါ Account များအား စာရင်းသေ (Dormant Account) အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ စာရင်းသေ Dormant အဖြစ်သတ်မှတ်ထားသော စာရင်းများအား Unclaimed Liabilities စာရင်းသို့ စာရင်းရွှေ့ပြောင်းထားမည် ဖြစ်ပါသည်။

၄။ အသုံးမပြုသောစာရင်း (Inactive Account) ၊ စာရင်းသေ (Dormant Account) များအတွက် အတိုးရရှိသည့် Account ဖြစ်ပါက Unclaimed Liabilities သို့ မရွှေ့ပြောင်းမီအထိ သက်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ အတိုးအား တွက်ချက်ထည့်ပေးမည်ဖြစ်ပါသည်။

၅။ Account Balance သုည (၀) ဖြစ်သော Account များအား သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ Account Closure ပြုလုပ်မည်ဖြစ်ပါသည်။ ထို့အပြင် (၇) နှစ်ကျော် သတ်မှတ်ကာလအတွင်း Central Bank of Myanmar (CBM) မှ သက်ဆိုင်ရာညွှန်ကြားချက်များ ထုတ်ပြန်လာပါက ထိုညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ အသုံးမပြုသောစာရင်း (Inactive Account) / စာရင်းသေ (Dormant Account) အဖြစ် သတ်မှတ်ထားသော Account များအား ပြန်လည်အသုံးပြုလိုပါက Customer မှ သက်ဆိုင်ရာ Request Form ဖြည့်စွက်၍ ဘဏ်၏ သတ်မှတ်ထားသော Service Channel မှတစ်ဆင့် Transaction ပြုလုပ်နိုင်ပြီး၊ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အဆိုပါ Account အား Active Account အဖြစ် ပြန်လည် သတ်မှတ်ပေးမည်ဖြစ်ပါသည်။

၇။ အထက်ဖော်ပြပါ သတ်မှတ်ချက်များသည် Freeze Account များနှင့် သက်ဆိုင်ခြင်းမရှိပါ။